ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
အမိန့်ကြော်ငြာစာအမှတ် (၄၁၈ /၂၀၂၆)

၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်
( ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂ ရက် )

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၇၃ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **လိုင်စင်ရလျှောက်လွှာရေးသူများဆိုင်ရာ နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **တရားရုံး** ဆိုသည်မှာ ပြည်ထောင်စုတရားစီရင်ရေးဥပဒေအရ ဖွဲ့စည်း တည်ထောင်ထားသည့် တရားရုံးအသီးသီးကို ဆိုသည်။

(ခ) **တရားရေးဦးစီးမှူး** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားရေး ဦးစီးမှူးကို ဆိုသည်။

(ဂ) **တရားရေးအရာရှိ** ဆိုသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် လက်အောက်ခံ တရားရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေသော ဒုတိယဦးစီးမှူးရာထူးအဆင့် နှင့် ယင်းရာထူးအဆင့်၏အထက် တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများ ကို ဆိုသည်။ ယင်းစကားရပ်တွင် တရားရုံးအဆင့်ဆင့်၌ တာဝန်ထမ်းဆောင်နေသည့် တရားသူကြီးအားလုံး ပါဝင်သည်။

(ဃ) **တရားရုံးအမှုထမ်း** ဆိုသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် လက်အောက်ခံ တရားရုံးအဆင့်ဆင့်၌ တာဝန်ထမ်းဆောင်နေသော ရုံးအုပ်ရာထူးအဆင့်နှင့် ယင်းရာထူးအဆင့်အောက် ဝန်ထမ်းများကို ဆိုသည်။

(င) **ရှေ့နေ** ဆိုသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားလွှတ်တော်ရှေ့နေနှင့် အထက်တန်းရှေ့နေများစာရင်းတွင် အမည်စာရင်းသွင်းထားသော အမှုလိုက်ပါဆောင်ရွက်ခွင့်ရှိသည့် ရှေ့နေကို ဆိုသည်။

(စ) **လျှောက်လွှာ** ဆိုသည်မှာ တရားရုံးသို့ တင်သွင်းသည့် လျှောက်လွှာအသီးသီးကို ဆိုသည်။ ယင်းစကားရပ်တွင် အဆိုလွှာ၊ ချေလွှာ၊ အယူခံလွှာ၊ အသနားခံစာ၊ ကန့်ကွက်လွှာ၊ တန်ပြန်ကန့်ကွက်လွှာ၊ တိုင်တန်းချက်တို့အပြင် ကျမ်းကျိန်လွှာနှင့် ဗုဒ္ဓဘာသာဝင်များကွာရှင်းခြင်းနှင့် သက်ဆိုင်သည့် ကွာရှင်းစာချုပ်လည်း ပါဝင်သည်။

(ဆ) **လိုင်စင်** ဆိုသည်မှာ တရားရုံးသို့တင်သွင်းသော လျှောက်လွှာတစ်ရပ်ရပ်ကို ဤနည်းဥပဒေအရ သတ်မှတ်ထားသော အခကြေးငွေရယူ၍ ရေးသားနိုင်ရန် တရားရေးဦးစီးမှူးက ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်။

(ဇ) **လျှောက်လွှာရေးသူ** ဆိုသည်မှာ တရားရုံးသို့တင်သွင်းသည့် လျှောက်လွှာတစ်ရပ်ရပ်ကို အခကြေးငွေရယူ၍ ရေးသားရန် လိုင်စင်ရရှိသူကို ဆိုသည်။

(ဈ) **စုံစမ်းစစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ဤနည်းဥပဒေအရ ဖွဲ့စည်းသည့် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဆိုသည်။

## အခန်း (၂)
## လျှောက်လွှာရေးသားခွင့်မရှိသူများ

၃။ တရားရေးအရာရှိနှင့် တရားရုံးအမှုထမ်းများသည် တရားရုံးသို့တင်သွင်းမည့် မည်သည့်လျှောက်လွှာကိုမျှ ရေးသားခြင်းမပြုရ။

၄။ ရှေ့နေအဖြစ် သို့မဟုတ် ရှေ့နေ၏စာရေးအဖြစ် လျှောက်လွှာကို ရေးသားခြင်းမဟုတ်လျှင် ဤနည်းဥပဒေအရ ထုတ်ပေးထားသည့် လိုင်စင်မရှိဘဲ တရားရုံးသို့တင်သွင်းမည့် လျှောက်လွှာတစ်စုံတစ်ရာကို လျှောက်ထားသူကိုယ်စား မည်သူမျှ အခကြေးငွေရယူ၍ ရေးသားပေးခြင်း မပြုရ။

## အခန်း (၃)
## လိုင်စင်လျှောက်ထားခြင်း

၅။ မည်သူမဆို လျှောက်လွှာရေးသူအဖြစ် လိုင်စင်ရလိုလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားရေးဦးစီးမှူးရုံးတွင် တင်သွင်းလျှောက်ထားရမည်။

၆။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း နေထိုင်သည့် နိုင်ငံသားဖြစ်ရမည်၊

(ခ) အသက် ၁၈ နှစ်ပြည့်ပြီးသူ ဖြစ်ရမည်၊

(ဂ) စိတ်ပေါ့သွပ်သူ မဖြစ်စေရ၊

(ဃ) လျှောက်လွှာတင်သွင်းချိန်တွင် ပြစ်မှုကင်းရှင်းသူဖြစ်ရမည်၊

(င) တရားရုံးပတ်ဝန်းကျင်တွင် အမည်ပျက် သို့မဟုတ် မကောင်းသော ကျော်စော သတင်းမရှိသူ ဖြစ်ရမည်၊

(စ) အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်၊

(ဆ) အခြေခံပညာအလယ်တန်းအဆင့်အောင်မြင်ပြီးသူ ဖြစ်ရမည်၊

(ဇ) ပါတီနိုင်ငံရေးကင်းရှင်းသူ ဖြစ်ရမည်၊

(ဈ) အလုပ်သင်ရှေ့နေ သို့မဟုတ် ရှေ့နေစာရေးအဖြစ် ဆောင်ရွက်သူမဖြစ်စေရ၊

(ည) ဌာနဆိုင်ရာဝန်ထမ်းသော်လည်းကောင်း၊ အခြားသော အခကြေးငွေရရှိသည့် လုပ်ငန်း တစ်ရပ်ရပ် လုပ်ကိုင်နေသူ သို့မဟုတ် အဆိုပါလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင် နေသူသော်လည်းကောင်း မဖြစ်စေရ။

၇။ လျှောက်ထားသူသည် ဤနည်းဥပဒေ၏ နောက်ဆက်တွဲပါ ပုံစံ (၁) ကို ပြည့်စုံစွာ ဖြည့်စွက်၍ အောက်ပါတို့နှင့်အတူ ပူးတွဲတင်ပြရမည်-

(က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊

(ခ) လျှောက်ထားသူ၏ အိမ်ထောင်စုစာရင်းမိတ္တူ၊

(ဂ) ပညာအရည်အချင်းနှင့်စပ်လျဉ်း၍ အထောက်အထားမိတ္တူ၊

(ဃ) လျှောက်လွှာတင်သွင်းချိန်တွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူ မှန်ကန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း၊

(င) လျှောက်လွှာတင်သွင်းချိန်တွင် ပြစ်မှုကင်းရှင်းကြောင်း လျှောက်ထားသူနေထိုင်ရာ ရဲစခန်း၏ထောက်ခံချက် မူရင်း၊

(စ) လျှောက်လွှာရေးသူအဖြစ် မိမိလုပ်ကိုင်ရန် ကြံရွယ်သည့် တရားရုံး၏အကြီးအကဲ ဖြစ်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားသူကြီး၊ ခရိုင်တရားသူကြီး သို့မဟုတ် မြို့နယ်တရားသူကြီး၏ အောက်ပါ ဖော်ပြချက်များ ပါဝင်သည့် ထောက်ခံချက်မူရင်း-

(၁) လျှောက်ထားသူကို သိရှိကြောင်း၊

(၂) လျှောက်ထားသူသည် အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ကြောင်းနှင့် တရားရုံး ပတ်ဝန်းကျင်တွင် အမည်ပျက် သို့မဟုတ် မကောင်းသော ကျော်စော သတင်း မရှိကြောင်း၊

(၃) လျှောက်ထားသူသည် ရုံးသုံးဘာသာစကားကို စကားလုံး အသုံးအနှုန်း ရှင်းလင်းကျစ်လျစ်စွာဖြင့် မိမိရေးသားလိုသည့် စာ၏အဓိပ္ပာယ်ကို ပေါ်လွင် အောင် ဖော်ထုတ်ရေးသားနိုင်သူဖြစ်ကြောင်း၊

(၄) လျှောက်ထားသူသည် ကွန်ပျူတာ သို့မဟုတ် လက်နှိပ်စက်ကို ကောင်းစွာ အသုံးပြုနိုင်ကြောင်း သို့မဟုတ် လက်ရေးကို ပီသစွာ ရေးသားနိုင်ကြောင်း။

**ရှင်းလင်းချက် (၁)** နည်းဥပဒေခွဲ (က)၊ (ခ) နှင့် (ဂ) အရ မိတ္တူတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လျှောက်လွှာတင်သွင်းချိန်တွင် မူရင်း ပူးတွဲတင်ပြရမည်။ လျှောက်လွှာ ကို လက်ခံခွင့်ရှိသော တရားရေးအရာရှိသည် မိတ္တူကို မူရင်းနှင့် တိုက်ဆိုင်စစ်ဆေး၍ မှန်ကြောင်း သက်သေခံလက်မှတ်ကို မိတ္တူ ပေါ်တွင် ရေးထိုး၍ မူရင်းကို လျှောက်ထားသူထံ ပြန်ပေးရမည်။

**ရှင်းလင်းချက် (၂)** တရားလွှတ်တော်တွင် လျှောက်လွှာရေးသူအဖြစ် လုပ်ကိုင် ဆောင်ရွက်ရန် လျှောက်ထားသည့်ကိစ္စတွင် နည်းဥပဒေခွဲ (စ) အရ ထောက်ခံချက် ပူးတွဲတင်သွင်းရန်မလို။ တရားရေးဦးစီးမှူးက ယင်းအချက်များနှင့်စပ်လျဉ်း၍ ကိုယ်တိုင်သဘောကျ ကျေနပ်မှု ရှိရမည်။

၈။ လျှောက်ထားသူသည် လျှောက်လွှာတွင် လိုအပ်ချက်များရှိသဖြင့် ငြင်းပယ်ခြင်းခံရလျှင် လျှောက်လွှာပါ လိုအပ်ချက်များကို လိုက်နာဆောင်ရွက်ပြီးနောက် လိုင်စင်ထုတ်ပေးရန် ပြန်လည် လျှောက်ထားနိုင်သည်။

၉။ လိုင်စင်ရရှိပြီးသူတစ်ဦးက လိုင်စင်ရုပ်သိမ်းခံရပြီးနောက်တွင်ဖြစ်စေ၊ လိုင်စင်ကို ပြန်လည် အပ်နှံပြီးနောက်တွင်ဖြစ်စေ၊ လိုင်စင်ပျက်ပြယ်ပြီးနောက်တွင်ဖြစ်စေ ခိုင်လုံသောအကြောင်းပြချက် ဖြင့် လိုင်စင်ပြန်လည်ထုတ်ပေးရန် ထပ်မံလျှောက်ထားခြင်းကို ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့် အညီ ဆောင်ရွက်ရမည်။

## အခန်း (၄)
## လိုင်စင်ထုတ်ပေးခြင်း

၁၀။ တရားရေးဦးစီးမှူးသည် နည်းဥပဒေ ၅ နှင့် နည်းဥပဒေ ၆ အရ လျှောက်ထားမှုအပေါ် စိစစ်ပြီးနောက် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၁။ တရားရေးဦးစီးမှူးသည် လိုင်စင်လျှောက်ထားခြင်းကို ခွင့်ပြုကြောင်း ဆုံးဖြတ်လျှင် သတ်မှတ်ထားသော လိုင်စင်လက်မှတ်ကို ဤနည်းဥပဒေ၏ နောက်ဆက်တွဲပါ ပုံစံ (၂) အတိုင်း ထုတ်ပေးရမည်။ နည်းဥပဒေ ၉ အရ လျှောက်ထားခြင်းကို ခွင့်ပြုသည့်ကိစ္စတွင် ယခင်ထုတ်ပေးထားသည့် လိုင်စင်အမှတ်ဖြင့်ပင် ထုတ်ပေးရမည်။

၁၂။ လိုင်စင်သက်တမ်းကာလအတွင်း လိုင်စင်ပျောက်ဆုံးခြင်းကြောင့်ဖြစ်စေ၊ အခြားခိုင်လုံသည့် အကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ လိုင်စင်မိတ္တူထုတ်ပေးရန် လိုင်စင်ရသူတစ်ဦးက လျှောက်ထားလာသည့်ကိစ္စတွင် တရားရေးဦးစီးမှူးသည် **"လိုင်စင်မိတ္တူဖြစ်ကြောင်း"** မှတ်ချက်ရေးသား၍ လိုင်စင်မိတ္တူမှန်ကို ထုတ်ပေးနိုင်သည်။ တရားရေးဦးစီးမှူးသည် လိုင်စင်မိတ္တူမှန်တွင် မိမိအမည်၊ ရာထူးနှင့် ရုံးတံဆိပ် ရိုက်နှိပ်၍ ရက်စွဲတပ် လက်မှတ်ရေးထိုး ထုတ်ပေးရမည်။

၁၃။ လိုင်စင်သက်တမ်းသည် ပြက္ခဒိန်နှစ်၏ ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့ အထိသာ ဖြစ်သည်။ နောက်လာမည့် ပြက္ခဒိန်နှစ်အတွက် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် သတ်မှတ်ကာလအတွင်း လျှောက်ထားခြင်းမရှိလျှင် မူလလိုင်စင်သည် သက်တမ်းကုန်ဆုံးသည့် နေ့မှစ၍ အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

## အခန်း (၅)
## လိုင်စင်သက်တမ်းတိုးမြှင့်ခြင်း

၁၄။ လျှောက်လွှာရေးသူသည် နောက်လာမည့် ပြက္ခဒိန်နှစ်တွင် လျှောက်လွှာရေးသူအဖြစ် ဆက်လက်ဆောင်ရွက်လိုလျှင် မိမိရရှိထားသည့်လိုင်စင်ကို သက်တမ်းတိုးမြှင့်ပေးရန်အတွက် ထိုနှစ်မတိုင်မီ ပြက္ခဒိန်နှစ်၏ အောက်တိုဘာလ ၁ ရက်နေ့မှ ၃၁ ရက်နေ့အတွင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားရေးဦးစီးမှူးရုံးတွင် လျှောက်ထားရမည်။

၁၅။ သတ်မှတ်ကာလကျော်လွန်ပြီးမှ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာတင်သွင်းသည့် ကိစ္စတွင် ထိုလျှောက်လွှာနှင့်အတူ မည်သည့်အတွက် နှောင့်နှေးကြန့်ကြာရကြောင်း ဖြေရှင်းချက်နှင့် ကျမ်းကျိန်လွှာ ပူးတွဲပါဝင်ခြင်းမရှိလျှင် ထိုလျှောက်လွှာကို လက်ခံခြင်းမပြုရ။

၁၆။ လျှောက်ထားသူသည် ဤနည်းဥပဒေများ၏ နောက်ဆက်တွဲပါ ပုံစံ (၃) ကို ပြည့်စုံစွာ ဖြည့်စွက်၍ အောက်ပါတို့နှင့်အတူ ပူးတွဲတင်ပြရမည်-

(က) လိုင်စင်မူရင်း၊

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊

(ဂ) လျှောက်လွှာတင်သွင်းချိန်တွင် ပြစ်မှုကင်းရှင်းကြောင်း လျှောက်ထားသူနေထိုင်ရာ ရဲစခန်း၏ထောက်ခံချက် မူရင်း၊

(ဃ) လျှောက်လွှာရေးသူအဖြစ် လုပ်ကိုင်ဆောင်ရွက်ရာ တရားရုံး၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီး၊ ခရိုင်တရားသူကြီး သို့မဟုတ် မြို့နယ်တရားသူကြီး၏ အောက်ပါဖော်ပြချက်များ ပါဝင်သည့် ထောက်ခံချက်မူရင်း-

(၁) လျှောက်ထားသူသည် လိုင်စင်သက်တမ်းကာလအတွင်း ဤနည်းဥပဒေ ပြဋ္ဌာန်းချက်များကို လိုက်နာ၍ လျှောက်လွှာရေးသူအဖြစ် လုပ်ကိုင်ဆောင်ရွက်ခဲ့သည်မှာ မှန်ကန်ကြောင်း၊

(၂) လျှောက်ထားသူသည် လိုင်စင်သက်တမ်းအတွင်း အမည်ပျက် သို့မဟုတ် မကောင်းသော ကျော်စောသတင်း တစ်စုံတစ်ရာမရှိခဲ့ကြောင်း။

**ရှင်းလင်းချက်** ။ တရားလွှတ်တော်တွင် လျှောက်လွှာရေးသူအဖြစ် လုပ်ကိုင်ဆောင်ရွက်နေသူဖြစ်လျှင် နည်းဥပဒေခွဲ (ဃ) အရ ထောက်ခံချက်ကို ပူးတွဲတင်သွင်းရန်မလို။ တရားရေးဦးစီးမှူးက ယင်းအချက်များနှင့် စပ်လျဉ်း၍ ကိုယ်တိုင်သဘောကျ ကျေနပ်မှုရှိရမည်။

၁၇။ နည်းဥပဒေ ၁၆ အရ လျှောက်လွှာကို လက်ခံသော တရားရေးအရာရှိသည် "လိုင်စင်သက်တမ်းတိုးမြှင့်ရန် လိုင်စင်မူရင်းကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားရေးဦးစီးမှူးရုံးတွင် တင်သွင်းထားသည်မှာ မှန်ကန်ကြောင်းနှင့် ဤမိတ္တူမှန်သည် သက်တမ်းမကုန်မီအထိသာ အတည်ဖြစ်ကြောင်း" မှတ်ချက်ရေးသား၍ လိုင်စင်မိတ္တူမှန်တစ်စောင်ကို လျှောက်ထားသူအား ပြန်လည်ပေးအပ်ရမည်။ အဆိုပါအရာရှိသည် ယင်းလိုင်စင်မိတ္တူမှန်တွင် မိမိအမည်၊ ရာထူးနှင့် ရုံးတံဆိပ် ရိုက်နှိပ်၍ နေ့စွဲတပ် လက်မှတ်ရေးထိုးရမည်။

၁၈။ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားသူသည် လျှောက်လွှာရေးသူအဖြစ် ဆက်လက်ဆောင်ရွက်ရန် သင့်လျော်သူမဟုတ်ဟု တရားရေးဦးစီးမှူးက ထင်မြင်ယူဆလျှင် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်နိုင်သည့်အပြင် လိုင်စင်ကို ပြန်လည်သိမ်းယူနိုင်သည်။

၁၉။ တရားရေးဦးစီးမှူးသည် လိုင်စင်သက်တမ်းတိုးမြှင့်ခြင်းကို ခွင့်ပြုပါက နည်းဥပဒေ ၁၂ အရ ထုတ်ပေးထားသည့် မူလလိုင်စင်ပေါ်တွင် ထပ်ဆင့်ရေးမှတ်ချက်များပြုလျက် လက်မှတ်ရေးထိုးခြင်းဖြင့် ပြုလုပ်ရမည်။ အဆိုပါထပ်ဆင့်ရေးမှတ်ချက်များ၏ အောက်ခြေတွင် တရားရေးဦးစီးမှူး၏ အမည်၊ ရာထူး၊ သက်တမ်းတိုးမြှင့်ပေးသည့် နေ့ရက်နှင့် ရုံးတံဆိပ်တို့ ပါရှိရမည်။

၂၀။ တရားရေးဦးစီးမှူးသည် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာများကို ပြက္ခဒိန်နှစ်၏ ဒီဇင်ဘာလ ၁၅ ရက်နေ့မတိုင်မီ ပြီးပြတ်အောင် ဆောင်ရွက်ရမည်။

၂၁။ တရားရေးဦးစီးမှူးသည် လိုင်စင်သက်တမ်းတိုးမြှင့်ပေးခဲ့သည့်စာရင်း၊ သက်တမ်းတိုးမြှင့်ရန် ပျက်ကွက်သည့် လိုင်စင်စာရင်း၊ သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခံရသည့် လိုင်စင်စာရင်းနှင့် နောက်လာမည့်ပြက္ခဒိန်နှစ်အတွက် လိုင်စင်ရရှိသူများစာရင်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးသို့ နှစ်စဉ် ဒီဇင်ဘာလ ၃၁ ရက်နေ့ နောက်ဆုံးထား၍ အစီရင်ခံရမည်။

## အခန်း (၆)
## လျှောက်လွှာရေးသူများ မှတ်ပုံတင်စာရင်းစာအုပ်

၂၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားရေးဦးစီးမှူးရုံးများတွင် လျှောက်လွှာရေးသူများ မှတ်ပုံတင်စာရင်းစာအုပ်ကို ဤနည်းဥပဒေ၏ နောက်ဆက်တွဲပါ ပုံစံ (၄) နှင့်အညီ ထားရှိရမည်။

၂၃။ နည်းဥပဒေ ၁၂ အရ ထုတ်ပေးသည့် လိုင်စင်အသီးသီးကို လျှောက်လွှာရေးသူများ မှတ်ပုံတင်စာရင်းစာအုပ်တွင် လိုင်စင်အမှတ်စဉ်တစ်ခုလျှင် တစ်မျက်နှာနှုန်းဖြင့် အစဉ်လိုက် ရေးသွင်းရမည်။

## အခန်း (၇)
## လျှောက်လွှာရေးရန် နည်းလမ်း

၂၄။ လျှောက်လွှာရေးသူသည် တရားရုံးသို့ တင်သွင်းသည့် လျှောက်လွှာအသီးသီးကို အောက်ပါနည်းလမ်းများနှင့်အညီ ရေးသားရမည်-

(က) ၈.၅ လက်မ x ၁၄ လက်မ အရွယ်ရှိ legal စက္ကူတစ်ဖက်၌သာ ရေးသားရမည်။

(ခ) လက်ဝဲဖက်တွင် စက္ကူ၏ ဗျက် ၄ ပုံ ၁ ပုံ (၂ လက်မ) နံဘေးကွက်လပ် ချန်လှပ်၍ ရေးသားရမည်။

(ဂ) ရုံးခွန်တံဆိပ်ခေါင်းများကပ်ရန်အလို့ငှာ ပထမစာမျက်နှာ၏အထက်ပိုင်းတွင် ၄ လက်မ ခန့် ကွက်လပ်ကို ချန်လှပ်ထားရမည်။

(ဃ) ရုံးခွန်ကို လျှောက်လွှာ၏ လက်ဝဲဖက်နံဘေးကွက်လပ်တွင် မကပ်ရ။ ရုံးခွန်ကို တစ်ခုပေါ်တစ်ခု ထပ်၍မကပ်ရ။

(င) လျှောက်လွှာကို ကွန်ပျူတာ သို့မဟုတ် လက်နှိပ်စက်ဖြင့်ဖြစ်စေ၊ လက်ရေးဖြင့် ဖြစ်စေ ရေးသားရမည်။ လက်ရေးဖြင့်ရေးသော လျှောက်လွှာတွင် လက်ရေးသည် ရှင်းလင်းသပ်ရပ်ပြီး ပီသရမည်။

၂၅။ လျှောက်လွှာရေးသူသည် မိမိရေးသားသောလျှောက်လွှာ၏ အောက်ခြေတွင် အမည်၊ မိမိ၏လိုင်စင်အမှတ်၊ လိုင်စင်ရရှိသည့်ရက်စွဲ၊ လျှောက်လွှာအတွက် မိမိအားပေးချေရသည့် အခကြေးငွေတို့ကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးရမည်။

၂၆။ ရုံးသုံးဘာသာစကားကို နားမလည်သူ တစ်ဦးတစ်ယောက်အတွက် လျှောက်လွှာရေးသား ပေးရသည့်အခါ လျှောက်လွှာတွင် ရေးသားပါရှိသည့် အကြောင်းအရာအားလုံး၏ အဓိပ္ပာယ်နှင့် အကျိုးသက်ရောက်မှုကို ထိုသူနားလည်စေရန် ထိုသူအား အပြည့်အစုံ အမှန်အကန် ရှင်းလင်း ပြောကြားရမည်။ လိုအပ်လျှင် ထိုသူနားလည်သောဘာသာစကားဖြင့် ဘာသာပြန်ဆိုလျက် ရှင်းလင်းပြောကြားရမည်။ ထိုသို့ဆောင်ရွက်ကြောင်းကို လျှောက်လွှာ၏အောက်ခြေတွင် ဖော်ပြ၍ လျှောက်လွှာရေးသူက လက်မှတ်ရေးထိုးရမည်။

## အခန်း (၈)
## လျှောက်လွှာမှတ်ပုံတင်စာရင်းစာအုပ်နှင့် ပြေစာလက်မှတ်

၂၇။ လျှောက်လွှာရေးသူသည် လျှောက်လွှာမှတ်ပုံတင်စာရင်းစာအုပ်ကို ဤနည်းဥပဒေ၏ နောက်ဆက်တွဲပါ ပုံစံ (၅) နှင့်အညီ ထားရှိရမည်။

၂၈။ လျှောက်လွှာမှတ်ပုံတင်စာရင်းစာအုပ်တွင် အောက်ပါအချက်များကို လျှောက်လွှာရေးသူ က ရုံးသုံးဘာသာစကားဖြင့် မှန်ကန်စွာ ဖြည့်သွင်းရမည်-

(က) လျှောက်လွှာရေးသားစေသူ၏ အမည်၊ အဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်၊ အသက်၊ နေရပ်လိပ်စာ၊

(ခ) လျှောက်လွှာ၏ လိုရင်းအချက်၊

(ဂ) လျှောက်လွှာအတွက် ထမ်းဆောင်ရသည့် ရုံးခွန်များအက်ဥပဒေအရ ထိုက်သင့် သည့် ရုံးခွန် သို့မဟုတ် မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေအရ ထမ်းဆောင် ရသည့် တံဆိပ်ခေါင်းခွန်တန်ဖိုး၊

(ဃ) လျှောက်လွှာအတွက်ရယူခဲ့သည့် အခကြေးငွေ။

၂၉။ လျှောက်လွှာမှတ်ပုံတင်စာရင်းစာအုပ်ကို ပြက္ခဒိန်နှစ်၏ ဒီဇင်ဘာလ ၃၁ ရက်နေ့ (ရုံးပိတ်ရက်ဖြစ်လျှင် အနီးဆုံးရုံးဖွင့်ရက်) ရုံးချိန်မကုန်မီ လျှောက်လွှာရေးသူအဖြစ် လုပ်ကိုင် ဆောင်ရွက်ရာ တရားရုံး၏ ရုံးအကြီးအကဲထံ အပ်နှံရမည်။ တရားလွှတ်တော်တွင် လျှောက်လွှာ ရေးသူဖြစ်လျှင် တရားရေးဦးစီးမှူးထံ အပ်နှံရမည်။

၃၀။ နည်းဥပဒေ ၂၉ အရ အပ်နှံသည့် လျှောက်လွှာမှတ်ပုံတင်စာရင်းစာအုပ်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားရေးဦးစီးမှူးရုံးနှင့် သက်ဆိုင်ရာတရားရုံးများတွင် သုံးနှစ်ကြာသည် အထိ ထိန်းသိမ်းထားရမည်။

၃၁။ လျှောက်လွှာရေးသူသည် လျှောက်လွှာအတွက် မိမိရယူသည့် အခကြေးငွေရရှိကြောင်း ပြေစာလက်မှတ်ကို ဤနည်းဥပဒေ၏ နောက်ဆက်တွဲပါ ပုံစံ (၆) နှင့်အညီ လျှောက်လွှာ ရေးသားစေသူအား မပျက်မကွက် ထုတ်ပေးရမည်။

## အခန်း (၉)
## စည်းကမ်းချက်များ

၃၂။ မည်သူမဆို ဤနည်းဥပဒေအရ ထုတ်ပေးသည့် လိုင်စင်ရရှိပြီးမှသာ လျှောက်လွှာ ရေးသူအဖြစ် လုပ်ကိုင်ဆောင်ရွက်ရမည်။

၃၃။ လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းကာလအတွင်း ဌာနဆိုင်ရာဝန်ထမ်းအဖြစ်သော် လည်းကောင်း၊ ကုန်သွယ်မှု သို့မဟုတ် အခကြေးငွေရရှိသည့် လုပ်ငန်းတစ်ရပ်ရပ်ကိုသော် လည်းကောင်း လုပ်ကိုင်ခြင်း မရှိစေရ။ လုပ်ကိုင်ဆောင်ရွက်လိုလျှင် မိမိလိုင်စင်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားရေးဦးစီးမှူးရုံးတွင် ပြန်လည်အပ်နှံ ရမည်။

၃၄။ လျှောက်လွှာရေးသူသည် တရားရုံးသို့တင်သွင်းသည့် လျှောက်လွှာများမှအပ မည်သည့် တိုင်စာ၊ ပစ်စာကိုမျှ ရေးသားခြင်းမပြုရ။

၃၅။ လျှောက်လွှာရေးသူသည် ရှေ့နေရှေ့ရပ်ငှားရမ်းခြင်းကိစ္စများတွင် ပါဝင်ခြင်းနှင့် အမှု ပွဲစားအဖြစ် ဆောင်ရွက်ခြင်း မပြုရ။

၃၆။ လျှောက်လွှာရေးသူသည် လျှောက်လွှာ၏အောက်ခြေတွင် မိမိ၏အမည်၊ လိုင်စင်အမှတ် နှင့် လျှောက်လွှာအတွက် ရယူခဲ့သည့် အခကြေးငွေတို့ကို ရေးသားဖော်ပြရန် မည်သည့် အကြောင်းနှင့်မျှ ပျက်ကွက်ခြင်း မရှိစေရ။

၃၇။ လျှောက်လွှာရေးသူသည်

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်က လျှောက်လွှာအတွက် အခါအားလျော်စွာ သတ်မှတ်ထားသော အခကြေးငွေနှုန်းထားများထက် ပိုမိုတောင်းခံခြင်း သို့မဟုတ် ရယူခြင်း မပြုရ။

(ခ) မိမိရေးသားသော လျှောက်လွှာအတွက် ရယူခဲ့သည့် အခကြေးငွေကို မမှန်မကန် ရေးသားဖော်ပြခြင်း မပြုရ။

(ဂ) နည်းဥပဒေခွဲ (က) အရ ရယူခွင့်ရှိသည့် အခကြေးငွေမှတစ်ပါး အသေးသုံး အတွက်ဖြစ်စေ၊ အခြားအကြောင်းအတွက်ဖြစ်စေ မည်သည့်အခကြေးငွေကိုမှ တောင်းဆိုခြင်းမပြုရ သို့မဟုတ် ရယူခြင်းမပြုရ၊

(ဃ) လျှောက်လွှာအတွက် ရယူခဲ့သည့် အခကြေးငွေသည် မလျော်ကန်ကြောင်း တွေ့ရှိရသဖြင့် အခငွေကို လျှော့ရန်ဖြစ်စေ၊ ပြန်ပေးရန်ဖြစ်စေ တရားရုံးက ညွှန်ကြားလျှင် တရားရုံးအမိန့်နှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။

၃၈။ လျှောက်လွှာရေးသူသည် -

(က) လျှောက်လွှာတစ်ရပ်ရပ်ကို ရေးသားသည့်အခါတိုင်း လျှောက်လွှာမှတ်ပုံတင် စာရင်းစာအုပ်တွင် ဖြည့်သွင်းရမည့် အချက်အလက်များကို ပြည့်စုံမှန်ကန်စွာ မပျက်မကွက် ဖြည့်သွင်းရမည်။

(ခ) တရားရုံးက တောင်းဆိုလျှင် မိမိ၏လျှောက်လွှာ မှတ်ပုံတင်စာရင်းစာအုပ်ကို ဆောလျင်စွာ မပျက်မကွက် တင်ပြရမည်။

(ဂ) နည်းဥပဒေ ၂၉ နှင့်အညီ လျှောက်လွှာရေးသူ မှတ်ပုံတင်စာရင်းစာအုပ်ကို မပျက်မကွက် အပ်နှံရမည်။

၃၉။ လျှောက်လွှာရေးသူသည် လိုင်စင်ရုပ်သိမ်းခံရသည့်အခါ မိမိလိုင်စင်ကို မပျက်မကွက် ပြန်လည်အပ်နှံရမည်။ မည်သည့်အကြောင်းနှင့်မျှ ငြင်းဆိုခွင့်မရှိစေရ။

၄၀။ လျှောက်လွှာရေးသူသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားရေးဦးစီးမှူးရုံးက အခါအားလျော်စွာ ထုတ်ပြန်သည့် စည်းကမ်းချက်နှင့် ညွှန်ကြားချက်များကိုလည်း လိုက်နာရမည်။

## အခန်း (၁၀)
## ကြီးကြပ်ခြင်း

၄၁။ တရားရုံးသည် လျှောက်လွှာရေးသူက လျှောက်လွှာရေးခြင်းလုပ်ငန်းကို ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်း ရှိ မရှိ တာဝန်ယူကြီးကြပ်ကွပ်ကဲရမည်။

၄၂။ တရားရုံးသည် အောက်ဖော်ပြပါပုဂ္ဂိုလ်တစ်ဦးဦးက ရေးသား၍ နည်းလမ်းတကျ လက်မှတ်ရေးထိုးခြင်းမရှိလျှင် မည်သည့်လျှောက်လွှာကိုမျှ လက်ခံခြင်း သို့မဟုတ် အရေးယူ ဆောင်ရွက်ခြင်း မပြုရ-

(က) လျှောက်ထားသူကိုယ်တိုင်၊

(ခ) လျှောက်ထားသူက အခွင့်အာဏာလွှဲအပ်ထားသော ရှေ့နေ သို့မဟုတ် ၎င်းရှေ့နေ၏စာရေး၊

(ဂ) ဤနည်းဥပဒေအရ လိုင်စင်ရလျှောက်လွှာရေးသူ၊

(ဃ) အခကြေးငွေမယူဘဲ ရေးသားပေးသည့် လျှောက်ထားသူ၏မိတ်ဆွေ။

၄၃။ တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာအတွင်း နေထိုင်ခြင်းမရှိသူက တင်သွင်းသည့် လျှောက်လွှာကို အခြားတရားရုံး၏ စီရင်ပိုင်ခွင့်အာဏာနယ်မြေအတွက် လိုင်စင်ရရှိသည့် လျှောက်လွှာရေးသူက ရေးသားသည်ဟူသောအကြောင်းဖြင့် တရားရုံးသည် လျှောက်လွှာကို လက်မခံ ငြင်းပယ်ခြင်းမရှိစေရ။

၄၄။ လျှောက်လွှာတစ်ရပ်ကို နည်းဥပဒေ ၄၂ ပါ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ရေးသားခြင်း မဟုတ်ကြောင်း တွေ့ရှိရလျှင် ဤနည်းဥပဒေများနှင့်ဆန့်ကျင်၍ လုပ်ကိုင်နေသူ တစ်ဦးတစ်ယောက်သည် ယင်းလျှောက်လွှာကို ရေးသားခြင်း ဟုတ် မဟုတ် တရားရုံးက သိရှိအောင် စုံစမ်းမေးမြန်းမှုပြုရမည်။ ထို့နောက် ထိုသူအား အရေးယူဆောင်ရွက်နိုင်ရန် တရားရေးဦးစီးမှူးထံ စာဖြင့်အစီရင်ခံရမည် သို့မဟုတ် အကြောင်းကြားရမည်။

၄၅။ တရားရုံးသည် လျှောက်လွှာရေးသူက လျှောက်လွှာအတွက် ရယူခဲ့သည့် အခကြေးငွေ တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ မလျော်ကန်ကြောင်း တွေ့ရှိရလျှင် အခကြေးငွေကို လျှော့ရန်ဖြစ်စေ၊ ပြန်ပေးရန်ဖြစ်စေ ညွှန်ကြားနိုင်သည်။

၄၆။ ဤနည်းဥပဒေတစ်ခုခုကို လျှောက်လွှာရေးသူက ဖောက်ဖျက်ခြင်း ရှိ မရှိနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် အကြောင်းပေါ်ပေါက်လျှင် လျှောက်လွှာရေးသူ လုပ်ကိုင်ဆောင်ရွက်ရာ တရားရုံး၏အကြီးအကဲသည် မိမိသဘောအလျောက်ဖြစ်စေ၊ တရားရေးဦးစီးမှူး၏ တာဝန်ပေးချက်အရဖြစ်စေ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ စုံစမ်းစစ်ဆေးနိုင်သည်။

၄၇။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သက်သေများစစ်ဆေးခြင်း၊ သမ္မန်စာထုတ်ဆင့်ခြင်းနှင့် ရှာဖွေသိမ်းဆည်းခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် ရာဇဝတ်ကျင့်ထုံးဥပဒေတွင် တရားရုံးနှင့် ရာဇဝတ်တရားသူကြီးတို့အား အပ်နှင်းထားသည့်အာဏာများနှင့် သက်သေခံအက်ဥပဒေ ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

၄၈။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးမှု၏အစီရင်ခံစာကို တရားရေးဦးစီးမှူးထံ စုံစမ်းစစ်ဆေးမှုစတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တင်သွင်းရမည်။

## အခန်း (၁၁)
## အရေးယူခြင်း

၄၉။ လျှောက်လွှာရေးသူသည် ဤနည်းဥပဒေနှင့် ဤနည်းဥပဒေအရ ထုတ်ပြန်သော စည်းကမ်းချက်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း တွေ့ရှိရပြီး ၎င်းအား စာဖြင့်သတိပေးရုံဖြင့် လုံလောက်ခြင်းမရှိကြောင်းနှင့် ဆက်လက်၍လိုင်စင်ထုတ်ပေးရန် သင့်လျော်ခြင်းမရှိကြောင်း ထင်မြင်ယူဆလျှင် တရားရေးဦးစီးမှူးက လိုင်စင်ကိုပြန်လည်ရုပ်သိမ်းရန် ဆုံးဖြတ်နိုင်သည်။

၅၀။ တရားရေးဦးစီးမှူးက လိုင်စင်ကို ပြန်လည်ရုပ်သိမ်းကြောင်း ဆုံးဖြတ်သည့်အခါ လိုင်စင်မူရင်းကို လျှောက်လွှာရေးသူထံမှ ပြန်လည်သိမ်းဆည်းရန် လျှောက်လွှာရေးသူ လုပ်ကိုင်ဆောင်ရွက်ရာ တရားရုံး၏အကြီးအကဲထံ အကြောင်းကြားရမည်။ အဆိုပါတရားသူကြီးသည် အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ၇ ရက်အတွင်း လိုင်စင်မူရင်းကို လျှောက်လွှာရေးသူထံမှ ပြန်လည်သိမ်းဆည်း၍ တရားရေးဦးစီးမှူးထံ ပေးပို့ရမည်။

၅၁။ လျှောက်လွှာရေးသူသည် တရားလွှတ်တော်တွင် လုပ်ကိုင်ဆောင်ရွက်သူဖြစ်လျှင် လိုင်စင်မူရင်းကို ၎င်းထံမှ တရားရေးဦးစီးမှူးက တိုက်ရိုက်သိမ်းဆည်းရမည်။

၅၂။ တရားရေးဦးစီးမှူးသည် လိုင်စင်ရုပ်သိမ်းခြင်းဖြင့် မလုံလောက်ဟု ထင်မြင်ယူဆပါက လျှောက်လွှာရေးသူကို ရှေ့နေများအက်ဥပဒေနှင့်အညီ အမှုပွဲစားအဖြစ်သတ်မှတ်၍ အရေးယူဆောင်ရွက်နိုင်သည်။

## အခန်း (၁၂)
## အထွေထွေ

၅၃။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အောက်ဖော်ပြပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်-

(က) တရားရေးဦးစီးမှူးက ပြက္ခဒိန်နှစ်တစ်နှစ်အတွက် ထုတ်ပေးခွင့်ရှိသည့် လိုင်စင် အရေအတွက်၊

(ခ) လျှောက်လွှာရေးသူက လျှောက်လွှာအမျိုးအစားအလျောက် ကောက်ခံနိုင်သည့် လျှောက်လွှာခနှုန်းထားများ၊

(ဂ) လျှောက်လွှာရေးသူက ပေးသွင်းရမည့် လိုင်စင်ကြေး။

၅၄။ တရားရေးဦးစီးမှူး၏ ဤနည်းဥပဒေအရ ဆုံးဖြတ်သည့် အမိန့်တစ်ရပ်ရပ်ကို အယူခံဝင်ခွင့်မရှိစေရ။ သို့ရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က သင့်လျော်သည် ထင်မြင်သည့်အတိုင်း တရားရေးဦးစီးမှူးအား ညွှန်ကြားနိုင်သည့် အခွင့်အာဏာကိုမူ ပိတ်ပင်ခြင်းမရှိစေရ။

၅၅။ လျှောက်လွှာရေးသူက ၎င်း၏အလုပ်ကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် နေရာကို တရားရုံးအသုံးပြုသူများ သက်သာလွယ်ကူမှုရရှိစေရန်အလို့ငှာ တရားရုံးက သတ်မှတ်ပေးရမည်။

၅၆။ တရားရေးဦးစီးမှူးသည် ပြက္ခဒိန်နှစ်အတွက် လိုင်စင်ရရှိသူများစာရင်းကို လက်အောက်ခံတရားရုံးအသီးသီးသို့ ဖြန့်ဝေပေးရမည်။ အပြောင်းအလဲရှိလျှင် ပြင်ဆင်ဖြန့်ဝေပေးရမည်။ ယင်းစာရင်းကို အများပြည်သူမြင်သာစေရန် တရားရုံးများတွင် စွဲကပ်ထားရှိရမည်။ ထို့ပြင် ဤနည်းဥပဒေ၏ နောက်ဆက်တွဲပါ ပုံစံ (၇) ပါ ကြော်ငြာစာ တစ်စောင်ကိုလည်း တရားရုံးများတွင် ချိတ်ဆွဲထားရှိရမည်။

၅၇။ လျှောက်လွှာရေးသူသည် နည်းဥပဒေ ၅၃ အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထုတ်ပြန်ထားသော လျှောက်လွှာခနှုန်းထားစာရင်း တစ်စောင်ကို အများပြည်သူမြင်သာစေရန် မိမိအလုပ်လုပ်ကိုင်ရာနေရာတွင် ချိတ်ဆွဲထားရမည်။

၅၈။ ယခင် တရားလွှတ်တော်၏ ၁၉၅၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄ (အများဆိုင်ရာ) ဖြင့် ထုတ်ပြန်ထားသော နည်းဥပဒေများကို ဤနည်းဥပဒေများဖြင့် ရုပ်သိမ်းလိုက်သည်။

( သာဌေး )
ပြည်ထောင်စုတရားသူကြီးချုပ်

စာအမှတ်၊ ၁၈ / ၁၃၇ / ပတခ ( ၉၂၄/၂၀၂၆)
ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂ ရက်

**ဖြန့်ဝေခြင်း**

ပြည်ထောင်စုတရားသူကြီးချုပ်ရုံး
ဥပဒေရေးရာဝန်ကြီးဌာန
တရားလွှတ်တော်ရှေ့နေများကောင်စီ
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ

တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များ

တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ

အမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

လက်ထောက်အတွင်းဝန်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

တိုင်းဒေသကြီး/ ပြည်နယ်တရားရေးဦးစီးမှူးအားလုံး

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးအားလုံး

ခရိုင်တရားရုံးအားလုံး

မြို့နယ်တရားရုံးအားလုံး

ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

ပုံစံ (၁)

| |
|---|
| ၂၀၀ ကျပ်တန် ရုံးခွန် |

| |
|---|
| ဓာတ်ပုံ<br>(၁"x ၁.၅")<br>နောက်ခံအပြာရောင် |

သို့

တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူး

------------------တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးရုံး

------------------တရားလွှတ်တော်

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **လျှောက်လွှာရေးသူလိုင်စင် လျှောက်ထားခြင်း**

လိုင်စင်ရလျှောက်လွှာရေးသူများဆိုင်ရာ နည်းဥပဒေများနှင့်အညီ လျှောက်လွှာရေးသူအဖြစ် လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် လိုင်စင်ထုတ်ပေးနိုင်ပါရန် လျှောက်ထားအပ်ပါသည်-

၁။ လျှောက်ထားသူအမည် ----------------------------
(အခြားအမည်ရှိက ဖော်ပြရန်)

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------------------------

၃။ အသက်/ မွေးသက္ကရာဇ် ----------------------------

၄။ လူမျိုး/ဘာသာ ----------------------------

၅။ မွေးဖွားရာဇာတိ ----------------------------

၆။ ပညာအရည်အချင်း ----------------------------

၇။ လက်ရှိနေရပ်လိပ်စာအပြည့်အစုံ ----------------------------

၈။ အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ ----------------------------

၉။ အဘအမည် ----------------------------

၁၀။ အမိအမည် ----------------------------

၁၁။ (ယခင်ကလျှောက်ထားခဲ့ဖူးလျှင်) ----------------------------
လိုင်စင်အမှတ်

၂

| | | |
|---|---|---|
| ၁၂။ | လျှောက်လွှာရေးသူအဖြစ် လုပ်ကိုင်ဆောင်ရွက်ရန်ရည်ရွယ်သည့် တရားရုံးအမည် | --------------------------- |
| ၁၃။ | ယခင်အလုပ်လုပ်ကိုင်ခဲ့ဖူးခြင်း ရှိ/မရှိ၊ (ရှိလျှင်)ပြည့်စုံစွာဖော်ပြရန် | --------------------------- |
| ၁၄။ | ယခု အလုပ်အကိုင် ရှိ/မရှိ၊ (ရှိလျှင်)ပြည့်စုံစွာဖော်ပြရန် | --------------------------- |
| ၁၅။ | ဆက်သွယ်ရန် ဖုန်းအမှတ် | --------------------------- |
| ၁၆။ | ကိုယ်ရေးအကျဉ်းချုပ် | --------------------------- |

(မှတ်ချက်။ ကိုယ်ရေးအကျဉ်းချုပ်၌ လျှောက်ထားချက်ကို ဆုံးဖြတ်ရာ၌ ထိခိုက်ဖွယ်ရာရှိသော မိမိဘဝတွင် ဖြစ်ပေါ်ခဲ့သည့် မည်သည့်အဖြစ်အပျက်ကိုမဆို မထိမ်မချန်ဘဲ ဖော်ပြရမည်။)

ရိုသေစွာဖြင့်

ထိုးမြဲလက်မှတ် ---------------

အမည် ---------------

## ဝန်ခံချက်

ကျွန်တော်/ကျွန်မသည် ပါတီနိုင်ငံရေးကင်းရှင်းပြီး လက်ရှိပြစ်မှုကင်းရှင်းသူ ဖြစ်ပါသည်။ ယခု လျှောက်လွှာတွင် ဖော်ပြထားသော အချက်အလက်များနှင့် လျှောက်လွှာ နှင့်အတူ ပူးတွဲတင်ပြထားသည့်စာရွက်စာတမ်းများပါ အချက်အလက်များ မှန်ကန်ပါသည်။ မမှန်မကန်ဖော်ပြထားခြင်း/တင်ပြထားခြင်းတို့ စစ်ဆေးတွေ့ရှိပါက ဥပဒေနှင့်အညီ အရေးယူ ခံရမည်ကို သိရှိနားလည်ပါသည်။ လိုင်စင်ချထားပေးခံရပါက လိုင်စင်ရ လျှောက်လွှာရေးသူ များဆိုင်ရာ နည်းဥပဒေများပါ စည်းကမ်းချက်များနှင့် ၎င်းနည်းဥပဒေအရ အခါအားလျော်စွာ ထုတ်ပြန်သော စည်းကမ်းချက်များနှင့် ညွှန်ကြားချက်များကို လေးစားလိုက်နာဆောင်ရွက် မည်ဖြစ်ပါသည်။ လိုင်စင်အတွက် ပေးသွင်းရမည့် အခကြေးငွေများကိုလည်း မပျက်မကွက် ပေးသွင်းပါမည်။

| | |
|---|---|
| ထိုးမြဲလက်မှတ် | ---------------------- |
| အမည် | ---------------------- |
| အဘအမည် | ---------------------- |
| နိုင်ငံသားစိစစ်ရေး | ---------------------- |
| ကတ်ပြားအမှတ် | |
| နေရပ်လိပ်စာ | ---------------------- |
| ဆက်သွယ်ရန်ဖုန်း | --------------------- |

ပုံစံ (၂)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**------------------တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်**

**------------------တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးရုံး**

**လျှောက်လွှာရေးသူ လိုင်စင်**

**(လိုင်စင်ရ လျှောက်လွှာရေးသူများဆိုင်ရာ နည်းဥပဒေများ နည်းဥပဒေ ၁၂)**

လိုင်စင်အမှတ် -----------------------------

| |
|---|
| ဓာတ်ပုံ<br>(၁"x ၁.၅")<br>နောက်ခံအပြာရောင် |

-----------------၏ သား/သမီးဖြစ်သူ --------------- မြို့နယ်၊ --------------- ရပ်ကွက်/ကျေးရွာအုပ်စု၊ -------------------ကျေးရွာ၊ --------------------လမ်း၊ အမှတ်---------နေ ဦး/ဒေါ်----------- --------------၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------ ကိုင်ဆောင်သူအား ------------- ----------------------------------------------------- တရားရုံးတွင် ----------------------ခုနှစ် ကုန်ဆုံးသည်အထိ လျှောက်လွှာရေးသူအဖြစ် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ဤလိုင်စင်ကို ခွင့်ပြုလိုက်သည်။

ဤလိုင်စင်ထုတ်ပေးခြင်းမှာ လိုင်စင်ရသူသည် လိုင်စင်သက်တမ်းကာလအတွင်း မည်သည့် ရှေ့နေရှေ့ရပ်ထံတွင်မှ အလုပ်သင်ရှေ့နေအဖြစ်သော်လည်းကောင်း၊ လခစားစာရေးအဖြစ်သော် လည်း ကောင်း၊ အခမဲ့စာရေးအဖြစ်သော်လည်းကောင်း လုပ်ကိုင်ခြင်းမရှိစေရဟူ၍လည်းကောင်း၊ ဌာနဆိုင်ရာ ဝန်ထမ်းသော်လည်းကောင်း၊ အခြားသော အခကြေးငွေရရှိသည့် လုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင်နေသူ သို့မဟုတ် အဆိုပါလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်နေသူသော်လည်းကောင်း မဖြစ်စေရဟူ၍လည်းကောင်း စည်းကမ်းချက် ဖြင့် ထုတ်ပေးခြင်း ဖြစ်သည်။

၂၀------------ခုနှစ်၊ --------------------လ၊ --------ရက်။

တရားရုံး
တံဆိပ်

(                    )

တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူး

**သက်တမ်းတိုးမြှင့်ခြင်းအတွက် ထပ်ဆင့်ရေးမှတ်ချက်များ**

မူလလိုင်စင်ထုတ်ပေးစဉ်က စည်းကမ်းချက်များကို အထောက်အထားပြု၍ လိုင်စင်ရလျှောက်လွှာရေးသူများဆိုင်ရာ နည်းဥပဒေများ နည်းဥပဒေ ၁၈ နှင့်အညီ ဦး/ဒေါ် ----------------၊ လိုင်စင်အမှတ် ------------------အား ----------------တရားရုံးတွင် ---------ခုနှစ် ကုန်ဆုံးသည်အထိ လျှောက်လွှာရေးသူအဖြစ် လုပ်ကိုင်ဆောင်ရွက်ရန် ဆက်လက်ခွင့်ပြုလိုက်သည်။

၂၀------------ခုနှစ်၊ --------------------လ၊ --------ရက်။

တရားရုံး
တံဆိပ်

( )

တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူး

ပုံစံ (၃)

| ၂၀၀ ကျပ်တန် ရုံးခွန် |
|---|

သို့

| တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူး<br>-------------------တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးရုံး<br>-------------------တရားလွှတ်တော် | ဓာတ်ပုံ<br>(၁"x ၁.၅")<br>နောက်ခံအပြာရောင် |
|---|---|

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **လျှောက်လွှာရေးသူလိုင်စင် သက်တမ်းတိုးမြှင့်ပေးနိုင်ပါရန် လျှောက်ထားခြင်း**

လိုင်စင်ရ လျှောက်လွှာရေးသူများဆိုင်ရာ နည်းဥပဒေများနှင့်အညီ လျှောက်လွှာရေးသူလိုင်စင် သက်တမ်းတိုးမြှင့်ပေးနိုင်ပါရန် လျှောက်ထားအပ်ပါသည်-

၁။ လျှောက်ထားသူအမည် ----------------------------

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------------------------

၃။ လျှောက်လွှာရေးသူလိုင်စင်အမှတ် ----------------------------

၄။ လက်ရှိနေရပ်လိပ်စာအပြည့်အစုံ ----------------------------

၅။ ဆက်သွယ်ရန် ဖုန်းအမှတ် ----------------------------

၆။ လျှောက်လွှာရေးသူအဖြစ် လုပ်ကိုင်ဆောင်ရွက်ရန်ရည်ရွယ်သည့် တရားရုံးအမည် ----------------------------

၇။ သက်တမ်းတိုးမြှင့်ရန် လျှောက်ထားသည့် ပြက္ခဒိန်နှစ် ----------------------------

ရိုသေမှုဖြင့်

ထိုးမြဲလက်မှတ် --------------

အမည် --------------

၂

**ဝန်ခံချက်**

ကျွန်တော်/ကျွန်မသည် ပါတီနိုင်ငံရေးကင်းရှင်းပြီး လက်ရှိပြစ်မှုကင်းရှင်းသူဖြစ်ပါသည်။ ယခုလျှောက်လွှာတွင် ဖော်ပြထားသော အချက်အလက်များနှင့် လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြထားသည့်စာရွက်စာတမ်းများပါ အချက်အလက်များ မှန်ကန်ပါသည်။ မမှန်မကန်ဖော်ပြထားခြင်း/တင်ပြထားခြင်းတို့ စစ်ဆေးတွေ့ရှိပါက ဥပဒေနှင့်အညီ အရေးယူခံရမည်ကိုသိရှိနားလည်ပါသည်။ လျှောက်လွှာရေးသူလိုင်စင် သက်တမ်းတိုးမြှင့်ရရှိပါက လိုင်စင်ရ လျှောက်လွှာရေးသူများဆိုင်ရာ နည်းဥပဒေများပါ စည်းကမ်းချက်များနှင့် ၎င်းနည်းဥပဒေအရ အခါအားလျော်စွာ ထုတ်ပြန်သော စည်းကမ်းချက်များနှင့် ညွှန်ကြားချက်များကို လေးစားလိုက်နာဆောင်ရွက်ပါမည်။ လိုင်စင်အတွက် ပေးသွင်းရမည့် အခကြေးငွေ များကိုလည်း မပျက်မကွက် ပေးသွင်းပါမည်။

| | |
|---|---|
| ထိုးမြဲလက်မှတ် | ---------------------- |
| အမည် | ---------------------- |
| အဘအမည် | ---------------------- |
| နိုင်ငံသားစိစစ်ရေး | ---------------------- |
| ကတ်ပြားအမှတ် | |
| နေရပ်လိပ်စာ | ---------------------- |
| ဆက်သွယ်ရန်ဖုန်း | ---------------------- |

ပုံစံ (၄)

# လျှောက်လွှာရေးသူများ မှတ်ပုံတင်စာရင်းစာအုပ်

လိုင်စင်အမှတ် -------------------- ထုတ်ပေးသည့်နေ့ရက်--------------

လျှောက်လွှာရေးသူအမည် ----------------------------------------

နေရပ်လိပ်စာ --------------------------------------

အဘအမည် ---------------------- အမိအမည်----------------------

မွေးသက္ကရာဇ် -------------------- လူမျိုး/ဘာသာ--------------------

ဆောင်ရွက်ရန်ထုတ်ပေးသည့်တရားရုံး ----------------------------------------

| စတင်ထုတ်ပေးသည့် ပြက္ခဒိန်နှစ်နှင့် ဆက်လက်ခွင့်ပြုသည့် ပြက္ခဒိန်နှစ် | ခွင့်ပြုသည့်နေ့စွဲ | တရားရေးဦးစီးမှူး၏ လက်မှတ် | မှတ်ချက် |
|---|---|---|---|
| | | | |

***** ဆက်လက်ခွင့်ပြုသည့်ပြက္ခဒိန်နှစ်တွင် ဆောင်ရွက်ရန် ထုတ်ပေးသည့် တရားရုံးပြောင်းလဲခြင်းရှိလျှင်သော်လည်းကောင်း၊ နေရပ်လိပ်စာပြောင်းလဲခြင်းရှိလျှင်သော်လည်းကောင်း၊ လိုင်စင်ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ပြန်လည်အပ်နှံခြင်းရှိလျှင်သော်လည်းကောင်း မှတ်ချက်စာတိုင်တွင် ဖော်ပြရန်ဖြစ်သည်။

ပုံစံ (၅)

# လျှောက်လွှာ မှတ်ပုံတင်စာရင်းစာအုပ်

| စဉ် | ရေးသားသည့် နေ့စွဲ | လျှောက်လွှာ ရေးသားစေသူ၏ အကြောင်းအရာများ (အမည်၊ အဘအမည်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်၊ အသက်၊ နေရပ်လိပ်စာ) | လျှောက်လွှာ အမျိုးအမည် | လျှောက်လွှာ၏ အကြောင်းအရာ | ရုံးခွန်/ တံဆိပ်ခွန် တန်ဖိုး | လျှောက်လွှာ အတွက် ရရှိသည့် အခကြေးငွေ |
|---|---|---|---|---|---|---|
| | | | | | | |

ပုံစံ (၆)

| မူရင်းခွဲ | မူရင်း |
| --- | --- |
| **လျှောက်လွှာအတွက် အခကြေးငွေ ရရှိကြောင်း ပြေစာ**<br>လျှောက်လွှာမှတ်ပုံတင်အမှတ်စဉ်--------------------<br><br>-------------ခုနှစ်၊ --------------------- လ၊ ---------ရက်နေ့တွင်<br>----------------------------------------လျှောက်လွှာရေးသားခြင်းအတွက်<br>အခကြေးငွေအဖြစ် ------------------(ကျပ်---------------------တိတိ)ကို<br>---------------------ထံမှ လက်ခံရရှိသည်။<br><br>(            )<br>လိုင်စင်ရလျှောက်လွှာရေးသူ<br>လိုင်စင်အမှတ်---------------- | **လျှောက်လွှာအတွက် အခကြေးငွေ ရရှိကြောင်း ပြေစာ**<br>လျှောက်လွှာမှတ်ပုံတင်အမှတ်စဉ်--------------------<br><br>---------------ခုနှစ်၊ --------------------- လ၊ ---------ရက်နေ့တွင်<br>---------------------------------------- လျှောက်လွှာရေးသားခြင်းအတွက်<br>အခကြေးငွေအဖြစ် ------------------(ကျပ်---------------------တိတိ)ကို<br>---------------------ထံမှ လက်ခံရရှိသည်။<br><br>(            )<br>လိုင်စင်ရလျှောက်လွှာရေးသူ<br>လိုင်စင်အမှတ်---------------- |

မှတ်ချက်။ လျှောက်လွှာရေးသူသည် အထက်ပါ အခကြေးငွေမှအပ အခြားသော အခကြေးငွေတစ်စုံတစ်ရာ တောင်းခံခြင်း မရှိစေရ။ ထို့ပြင် လျှောက်လွှာအတွက် လိုအပ်သော ရုံးခွန်/ တံဆိပ်ခေါင်းခွန်အတွက် ကုန်ကျစရိတ်ကိုလည်း ထည့်သွင်းတောင်းခံခြင်း မပြုရ။ လျှောက်လွှာအတွက် လိုအပ်သော ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်ကို လျှောက်လွှာရေးသားစေသူက သီးခြားပေးအပ်ရမည်။

ပုံစံ (၇)

## ကြော်ငြာစာ

ဤခရိုင်တရားရုံး/ မြို့နယ်တရားရုံးတွင် လျှောက်လွှာရေးသူအဖြစ် ဆောင်ရွက်နိုင်ရန် ဦး/ဒေါ်--------------------(လိုင်စင်အမှတ်-------------)ကို လိုင်စင်ရ လျှောက်လွှာရေးသူများဆိုင်ရာနည်းဥပဒေများအရ လိုင်စင်ချထားပေးထားပါသည်။

လိုင်စင်ရလျှောက်လွှာရေးသူမှအပ အခြားသူတစ်ဦးတစ်ယောက်သည် ဤတရားရုံးတွင် လျှောက်လွှာတစ်စုံတစ်ရာကို ရေးသားခွင့်မရှိကြောင်းနှင့် လိုင်စင်မရှိဘဲ နည်းဥပဒေများနှင့်ဆန့်ကျင်၍ လျှောက်လွှာရေးသားပါက အရေးယူခံရနိုင်ကြောင်း သိစေအပ်ပါသည်။

ထို့ပြင်လိုင်စင်ရလျှောက်လွှာရေးသူသည် တရားရုံး၏ဝန်ထမ်းမဟုတ် ဘဲ ပုဂ္ဂလိကလိုင်စင်ရရှိသူသာဖြစ်သဖြင့် ၎င်းထံပေးချေရသည့် အခငွေများသည် တရားရုံးသို့ ပေးသွင်းရသည့် အခငွေများမဟုတ်ကြောင်း အများသိစေရန် ကြော်ငြာ အပ်ပါသည်။

ပုံ

x x x

ခရိုင်တရားသူကြီး/မြို့နယ်တရားသူကြီး